SHAN
HUMAN RIGHTS FOUNDATION
www.shanhumanrights.org shanhumanrightsfoundation@gmail.com


**ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ နောက်ဆုံးရ လူ့အခွင့်အရေး ချိုးဖေါက်မှုထုတ်ပြန်ချက်**

**၂၀၂၅ ခုနှစ် မတ် ၁၀ ရက်**

**နောင်ချို၊ မိုးမိတ်နှင့် မိုးကုတ်မြို့နယ်တို့တွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီး ပစ်ခတ်မှု၊ ဒရုန်းဖြင့်ဗုံးကြဲမှုများကြောင့် အရပ်သား ၁၇ ဦးသေဆုံးပြီး ၄၁ ဦး ဒဏ်ရာရရှိကာ အဆောက် အဦး ၈၅ လုံး ပျက်စီး**

၂၀၂၅ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်မှ ၂၈ ရက်အတွင်း တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ထိန်းချုပ်ထားသည့် နောင်ချို၊ မိုးမိတ်နှင့် မိုးကုတ်မြို့နယ်တို့တွင် စစ်ကောင်စီ၏ လေကြောင်း တိုက်ခိုက်မှု၊ လက်နက်ကြီးပစ်ခတ်မှုနှင့် ဒရုန်းဖြင့်ဗုံးကြဲမှုများကြောင့် အရပ်သား ၁၇ ဦးသေဆုံးပြီး ၄၁ ဦး ဒဏ်ရာရရှိကာ ဘုန်းကြီးကျောင်း ၂ကျောင်း၊ ဆေးရုံ ၁ ရုံးနှင့် ကျောင်း ၁ ကျောင်း အပါအဝင် အဆောက်အဦး ၈၅ လုံး ထိခိုက် ပျက်စီးခဲ့သည်။

၂၀၂၅ ဖေဖော်ဝါရီလ(၆)ရက်မှ မတ်လ (၇)ရက်ထိ အရပ်သားများအားထိခိုက်သေဆုံးစေခဲ့သည့် စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုနှင့်လက်နက်ကြီးပြစ်ခတ်မှု



စစ်ကောင်စီက ဖေဖော်ဝါရီလလယ်တွင် နောင်ချိုမြို့နယ်တောင်ပိုင်း တောင်းခမ်းအနီးရှိ ၎င်းတို့၏စခန်း များကို ပြန်လည်ထိန်းချုပ်နိုင်ရန် ထိုဒေသကို အပြင်းထန်ဆုံးသော လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ် ခဲ့ပြီး ကူမင်းတွင် တရုတ်ဦးဆောင်ပြီး TNLA နှင့် စစ်ကောင်စီ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်နေသည့် အချိန်မှာ ပင် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ တွေ့ဆုံဆွေးနွေးမှုသည် ရလာဒ်မထွက်ပဲ ပြီးဆုံးခဲ့ပြီးနောက် ရက် အနည်းငယ်အကြာ ဖေဖော်ဝါရီ ၁၉ ရက်နေ့တွင် စစ်ကောင်စီက နောင်ချိုမြို့ကို ဗုံးကြဲခဲ့သဖြင့် ဆေးရုံ ၁ရုံထိခိုက်ပျက်စီးပြီး အရပ်သား ၃ ဦးသေဆုံးကာ အခြား ၄ ဦး ဒဏ်ရာရရှိခဲ့သည်။



*တရုတ်ပိုက်လိုင်းအနီးရှိ အုမ္မသီးကျေးရွာဘုန်းကြီးကျောင်းကို စစ်ကောင်စီမှ ဒရုန်းဖြင့်တိုက်ခိုက်မှု*


စစ်ကောင်စီ၏ နောင်ချိုကို လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများသည် တရုတ်၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ အနီးတွင် ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ ဖေဖော်ဝါရီလ ၂၀ရက်နေ့တွင် စစ်ကောင်စီက ပိုက်လိုင်းနှင့် ၁ကီလိုမီတာအကွာတွင်ရှိသော အုန်းမောက်ဒီကျေးရွာကို ဒရုန်းဖြင့်တိုက်ခိုက်ခဲ့သဖြင့် အုမ္မသီးဘုန်းကြီးကျောင်း မီးလောင်ပြာကျခဲ့သည်။ ထိုနေ့မှာပင် စစ် ကောင်စီက ပိုက်လိုင်းအနီးတွင်ရှိသော ဆမ္မဆယ်နှင့် ဘန့်ဘွေးကျေးရွာတို့ကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သဖြင့် နေအိမ် ၃လုံး ထိခိုက်ပျက်စီးခဲ့သည်။ ဖေဖော်ဝါရီလ ၂၄ရက် နေ့လည်ပိုင်းတွင် စစ် ကောင်စီက အုမ္မသီးကျေးရွာရှိ ပြည့်ဖြိုးစားသောက်ဆိုင်ကို ဗုံး၂လုံး ကြဲချခဲ့သဖြင့် ထိုစား သောက်ဆိုင်နှင့် နေအိမ် ၅ လုံး ထိခိုက်ပျက်စီးခဲ့သည်။ မတ်လ ၅ ရက်နေ့မှ ၇ရက်နေ့အတွင်း စစ်ကောင်စီက အုမ္မသီး ကျေးရွာကို လေယာဉ်နှင့် ဒရုန်းများဖြင့် ဗုံးကြဲခဲ့သဖြင့် နေအိမ် ၁၀လုံး မီးလောင် ပြာကျခဲ့သည်။

စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများသည် နောင် ချိုမြို့နယ်တွင် အများဆုံးဖြစ်ပွားခဲ့ပြီး မိုးမိတ် နှင့် မိုး ကုတ်မြို့နယ်ရှိ သတ္တုတူးဖော်ရာဒေသ များကို ပစ်မှတ်ထားသော လေကြောင်းတိုက် ခိုက်မှု ၂ကြိမ် ရှိခဲ့သည်။ ဖေ ဖော် ဝါရီလ ၁၀ ရက် နံနက် ၁နာရီတွင် စစ်ကောင်စီက မိုးကုတ်မြို့ အနောက်မြောက်ဖက် ၃ကီလိုမီတာ အကွာ တွင်ရှိသော ကျောက်တွင်းကို Y-12 ဂျက်ဖိုက်တာ လေယာဉ်ဖြင့် ဗုံးအလုံး ၂၀ကျော် ကြဲချခဲ့သဖြင့် အရပ်သား ၅ ဦးသေဆုံးပြီး အခြား ၂၀ဦးဒဏ်ရာရရှိခဲ့သည်။ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ ည ၈ နာရီတွင် စစ်ကောင်စီက မိုးမိတ် မြို့အနီး ဝဲပေါင်း ကျေး ရွာရှိ ရွှေတွင်းကို ဂျက်ဖိုက်တာလေ ယာဉ် ဖြင့်ပေါင် ၅၀၀ ဗုံး ၁ လုံးကြဲချခဲ့သဖြင့် ကျေးရွာသား ၃ ဦးသေဆုံးပြီး ၇ ဦးဒဏ်ရာရရှိကာ နေအိမ် ၁၀ လုံးနှင့် ကျောင်း ၁ ကျောင်း ထိခိုက်ပျက်စီးခဲ့သည်။



*စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီး သွားသောမိုးကုတ်မြို့ရှိနေအိမ်များ*

**၂၀၂၅ ဖေဖော်ဝါရီလ(၁၀)ရက်မှ(၂၀)ရက်ထိ အရပ်သားများအားထိခိုက်သေဆုံးစေခဲ့သည့် စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှု**



**နောင်ချို၊ မိုးကုတ်နှင့် မိုးမိတ်မြို့နယ်တို့တွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သားထိခိုက်သေဆုံးမှုစာရင်း (ဖေဖော်ဝါရီ ၆ရက်နေ့မှ မတ်လ ၇ ရက်နေ့အထိ)**

| စဉ် | ရက်စွဲ | ကျေးရွာ/ ရပ်ကွက် | ဖြစ်စဉ် | အရပ်သား သေဆုံးမှု | | အရပ်သား ဒဏ်ရာရရှိမှု | | သိရသော အရပ်သား ပိုင်ဆိုင်မှု အပျက်အစီး |
|---|---|---|---|---|---|---|---|---|
| | | | | သိရသော အချက် အလက် | အရေအတွက် | သိရသော အချက် အလက် | အရေအတွက် | |
| ၁ | ၆.၂.၂၀၂၅ | သပြေတောင် နောင်ချို | စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှု | | | ကျား ၁ဦး | ၁ | နေအိမ်၅လုံးနှင့် လူအိုရုံ၁ရုံ ပျက်စီး |
| ၂ | ၁၀.၂.၂၀၂၅ | ကျောက်တွင်းရေးယာ မိုးကုတ် | စစ်ကောင်စီက နံနက် ၁နာရီတွင် Y-12 ဂျက်ဖိုက်တာ လေယာဉ်ဖြင့် ဗုံးအလုံး ၂၀ကျော်ကြဲ | | ၅ | | ၂၀ | နေအိမ်၇လုံး မီးလောင်ပြာကျ |
| ၃ | ၁၅.၂.၂၀၂၅ | နားရှိုရွာ နောင်ချို | မွန်းလွဲ ၂နာရီတွင် စစ်ကောင်စီက Y-12 ဂျက်ဖိုက်တာ လေယာဉ်ဖြင့် ဗုံး ၃၈လုံးကြဲ | | ၄ | | ၄ | နေအိမ် ၁၀လုံး ပျက်စီး |
| ၄ | ၁၉.၂.၂၀၂၅ | ဘူတာရပ် နောင်ချို | ညစနာရီတွင် စစ်ကောင်စီက လေကြောင်းမှ ဗုံး၂လုံးကြဲ | ၃ဦး | ၃ | ၄ဦး | ၄ | နေအိမ်၄လုံးနှင့် ဆေးရုံပျက်စီး |
| ၅ | ၂၀.၂.၂၀၂၅ | ဝဲပေါင်း မိုးမိတ် | ညစနာရီတွင် စစ်ကောင်စီက ဂျက်ဖိုက်တာလေ ယာဉ်ဖြင့် | ကျား၁ဦး (၃၀နှစ်)၊ မ၁ဦး (၂၃နှစ်)၊ မိန်းက | ၃ | | ၇ | နေအိမ်၅လုံးနှင့် ကျောင်းပျက်စီး |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ပေါင်၅၀၀ဗုံး ၂လုံးကြဲ | လေးငယ် ၁ဦး (၈နှစ်) | | | | |
| ၆ | ၂၀.၂.၂၀၂၅ | လောက်ဖန်းရွာ နောင်ချို | ည ၈:၃၀ နာရီ တွင် စစ်ကောင် စီက ဂျက်ဖိုက် တာလေယာဉ်ဖြင့် ပေါင် ၅၀၀ ဗုံး ၂ လုံးကြဲ | မ၁ဦး (၈၀နှစ်) | ၁ | ကျား၁ဦး၊ မ၁ဦး၊ ကလေး၂ဦး | ၄ | နေအိမ် ၁၀လုံး ပျက်စီး |
| ၇ | ၂၁.၂.၂၀၂၅ | အုမ္မသီးရွာ နောင်ချို | စစ်ကောင်စီက ဒရုန်းဖြင့် ဗုံး၄လုံး ကြဲ | | | | | ဘုန်းကြီးကျောင်း ၁ကျောင်း မီးလောင် |
| ၈ | ၂၁.၂.၂၀၂၅ | ဘန့်ဘွေးနှင့်ဆမ္မ ဆယ်ရွာ နောင်ချို | စစ်ကောင်စီက လက်နက်ကြီးပစ် | | | | | နေအိမ်၃လုံး မီးလောင် |
| ၉ | ၂၂.၂.၂၀၂၅ | ရွှေမုဋ္ဌောရွာ နောင်ချို | နံနက် ၁နာရီတွင် စစ်ကောင်စီက Y-12 ဂျက်ဖိုက်တာ လေယာဉ်ဖြင့် ဗုံး ၅ လုံးကြဲ | မ၁ဦး (၅၅နှစ်) | ၁ | | | နေအိမ်၁၀လုံး ပျက်စီး |
| ၁၀ | ၂၅.၂.၂၀၂၅ | အုမ္မသီးရွာ နောင်ချို | စစ်ကောင်စီက လေယာဉ်ဖြင့် ဗုံး၂လုံးကြဲ | | | | | နေအိမ်၅လုံးနှင့် စားသောက်ဆိုင် ၁ဆိုင် ပျက်စီး |
| ၁၁ | ၂၈.၂.၂၀၂၅ | ရွှေမုဋ္ဌောရွာ နောင်ချို | ညနေ ၃နာရီတွင် စစ်ကောင်စီက MiG-29 ဂျက်ဖိုက်တာလေ ယာဉ်ဖြင့် ဘုန်းကြီးကျောင်း ပေါ်သို့ ဗုံး၂လုံးကြဲ | | | သီလရှင် ၁ပါး | ၁ | နေအိမ် ၅လုံးနှင့် ဘုန်းကြီးကျောင်း ၁ကျောင်း ပျက်စီး |
| ၁၂ | ၅-၇.၃.၂၀၂၅ | အုမ္မသီး | စစ်ကောင်စီ၏ လေယာဉ်နှင့် | | | | | နေအိမ် ၁၀လုံး မီးလောင် |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ဒရော့ဖုံးဖြင့် တိုက်ခိုက်မှု | | | | | |
| | | | | **စုစုပေါင်း** | **၁၇ ဦး** | | **၆၁ ဦး** | **ဆေးရုံ ၁ ရုံ၊ လူအိုရုံ ၁ ရုံ၊ ကျောင်း၁ ကျောင်း၊ စားသောက်ဆိုင် ၁ဆိုင်၊ ဘုန်းကြီး ကျောင်း ၂ ကျောင်း၊ နေအိမ် ၇၉ လုံး ပျက်စီး** |

**ဆက်သွယ်ရန်**


စိုင်းဟော်ရှဲန်　　66 94 728 6696　　Signal (ရှမ်း, အင်္ဂလိပ်)

ယိင်းလျန်းဟန်　　1 825 425 4099　　Signal (မြန်မာ)